# Atrium Health NC ဆေးရုံ ဆေးဝါးကုသမှုအကြွေးလျှော့ပေါ့ခြင်းမူဝါဒ (MDMP)

Atrium Health သည် လူနာအားလုံး၏ငွေပေးချေနိုင်စွမ်း မည်သို့ပင်ရှိစေကာမူ ၎င်းတို့၏ကျန်းမာရေးနှင့် နေထိုင်ကောင်းမွန်ရေးအတွက် စောင့်ရှောက်ရန် သန္နိဋ္ဌာန်ချထားပါသည်။ Atrium Health သည် ကျွန်ုပ်တို့ ဝန်ဆောင်မှုပေးနေသောလူမှုအသိုက်အဝန်းများရှိ အကျုံးဝင်သောလူနာများအား Medicaid ကဲ့သို့ ကျန်းမာရေး အကာအကွယ်ရယူရန် ကူညီခြင်းနှင့် လိုအပ်သူများအား ငွေရေးကြေးရေးအထောက်အကူပေးရန် သန္နိဋ္ဌာန် ချထားပါသည်။ ဤသံနိဋ္ဌာန်ကို ပိုမိုတိုးတက်စေရန်၊ ကျွန်ုပ်တို့၏မူဝါဒများအား ဆေးဝါးကုသမှုဆိုင်ရာအကြွေးများ စုပေါင်းလာခြင်းကို တားဆီးရန်ရည်ရွယ်သော (မြောက်ကယ်ရိုလိုင်းနား ဆေးဝါးကုသမှုအကြွေး လျှော့ပေါ့ခြင်း) North Carolina Medical Debt Mitigation ကြိုးပမ်းမှုနှင့် ချိန်ညှိထားပါသည်။

MDMP သည် မြောက်ကယ်ရိုလိုင်းနားတွင်ရာသက်ပန်နေထိုင်ပြီး မြောက်ကယ်ရိုလိုင်းနားတွင်တည်ရှိသော Atrium Health ဆေးရုံတစ်ခုတွင် ဆေးဝါးကုသမှုဆိုင်ရာ လိုအပ်သည့်ဝန်ဆောင်မှုများရရှိသည့် လူနာများအတွက် ဖြစ်သည်။

Atrium Health ငွေရေးကြေးရေးအထောက်အကူမူဝါဒသည် NC MDMP မှချမှတ်သောရည်မှန်းချက်များကို ပံ့ပိုးပါသည်။ ဤသည်က ကျွန်ုပ်တို့၏အဓိကတန်ဖိုးထားချက်ဖြစ်သော "စောင့်ရှောက်ခြင်း" ကို ပုံဖော်ပြီး ငွေရေးကြေးရေး အထောက်အကူနှင့်ဆက်နွှယ်သည့် ဖက်ဒရယ်နှင့် ပြည်နယ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါသည်။

Atrium Health သည် ဆေးရုံအရေးပေါ်လူနာဌာနရှိ လူနာများအနေဖြင့် ငွေပေးချေနိုင်စွမ်းမည်သို့ပင်ရှိစေကာမူ ဥပဒေနှင့်အညီ အမြဲဆေးကုသပေးပါမည်။ ငွေကြေးအထောက်အကူအတွက် အကျုံးဝင်သောလူနာများကို အာမခံရှိသည့်လူနာများအား ယေဘုယျအားဖြင့်တောင်းခံသည့်ပမာဏ (AGB) ထက် မည်သည့်အခါမျှ ပို၍ တောင်းမည်မဟုတ်ပါ။ Advocate Health သည် AGB တွက်ချက်ရန် နောက်ကြောင်းပြန်ကြည့်သည့်နည်းကို အသုံးပြုသည်။ AGB တွက်ချက်ပုံအကြောင်း နောက်ထပ်အချက်အလက်များရယူရန် ဝန်ဆောင်မှုယူသူအတွက် ဌာနကို (704)512-7171 တွင် ဆက်သွယ်ပါ။

MDMP ရည်မှန်းချက်များကို အောက်ပါတို့ပါဝင်သော Advocate Health ငွေရေးကြေးရေးအထောက်အကူမူဝါဒ (AH FAP) ဖြင့် ဖြည့်ဆည်းပေးပါသည်-

- ဖက်ဒရယ်နွမ်းပါးမှုအဆင့်၏ ၃၀၀% အောက် သို့မဟုတ် ၎င်းနှင့်ညီမျှသော အိမ်ထောင်စုဝင်ငွေရှိသည့် လူနာများက ငွေရေးကြေးရေးအထောက်အကူ ၁၀၀% ရရှိနိုင်ပါသည်။

- ဖက်ဒရယ်နွမ်းပါးမှုအဆင့်၏ ၃၀၁%-၄၀၁% အိမ်ထောင်စုဝင်ငွေရှိသည့်လူနာများသည် ငွေရေးကြေးရေးအထောက်အကူ တစ်စိတ်တစ်ပိုင်းရရန် အကျုံးဝင်ပါမည်။
- အချို့သော ဖက်ဒရယ်နှင့်ပြည်နယ်အထောက်အကူအစီအစဉ်များတွင် စာရင်းသွင်းထားသော သို့မဟုတ် ဝင်ငွေကိုအခြေမခံသည့် အခြားစံချိန်စံနှုန်းများအရ သတ်မှတ်ချက်နှင့်ပြည့်မီသော မြောက်ကာရိုလိုင်းနားသားများသည် ငွေရေးကြေးရေးအထောက်အကူ ၁၀၀% ရရှိရန်  သတ်မှတ်ချက်နှင့် ပြည့်မီနိုင်ပြီး လျှောက်လွှာတင်ရန်မလိုပါ။ နောက်ထပ်အချက်အလက်များကို ကျွန်ုပ်တို့၏ ငွေရေးကြေးရေးအထောက်အကူမူဝါဒ နောက်ဆက်တွဲ က တွင် ကြည့်ပါ။
- မိမိတို့၏ဆေးဝါးကုသမှုကုန်ကျစရိတ်ကို အပြည့်အဝမပေးနိုင်သော လူနာများအတွက် Atrium Health သည် အရစ်ကျငွေပေးချေရန်အစီအစဉ် ထားရှိပေးပါသည်။ ငွေပေးချေရန် အစီအစဉ်များအကြောင်း စုံစမ်းမေးမြန်းကာ ဖက်ဒရယ်နွမ်းပါးမှုအဆင့်အောက် ၃၀၀% အိမ်ထောင်စုဝင်ငွေရှိသည့် လူနာများသည် ငွေကြေးအထောက်အကူ ၁၀၀% ရရှိပြီး ထို့အတွက်ကြောင့် အရစ်ကျငွေပေးချေသည့် အစီအစဉ် မလိုအပ်တော့ပါ။

Atrium Health ၏ ငွေရေးကြေးရေးအထောက်အကူအစီအစဉ်များနှင့်ဆက်နွှယ်သည့် သတ်မှတ်ချက်များ၊ အကျုံးဝင်မှုအတွက် သတ်မှတ်ချက်များ၊ စစ်ဆေးသည့်လုပ်ငန်းစဉ်များစသည်တို့အတွက် အသေးစိတ်အချက်အလက်အပြည့်အစုံကို ကျွန်ုပ်တို့၏ငွေရေးကြေးရေးဆိုင်ရာ အထောက်အကူမူဝါဒတွင် တွေ့ရှိနိုင်ပါသည်။

ငွေရေးကြေးရေးအထောက်အကူအကြောင်း ရိုးရှင်းသည့်ဘာသာစကားဖြင့် အကျဉ်းချုပ်၊ ငွေရေးကြေးရေးအထောက်အကူလျှောက်လွှာနှင့် ကုန်ကျစရိတ်တောင်းခံခြင်းနှင့် အကြွေးကောက်ခံခြင်းများဆိုင်ရာ မူဝါဒတို့အပါအဝင် ငွေရေးကြေးရေးအထောက်အကူမူဝါဒအပြင် ၎င်းနှင့်ဆက်နွှယ်နေသော စာရွက်စာတမ်းများကို https://atriumhealth.org/for-patients-visitors/financial-assistance တွင် ရယူနိုင်ပါသည်။

ဖန်တီးသည့်ရက်စွဲ- ၁/၁/၂၅
ခွင့်ပြုသည့်ရက်စွဲ- ၁/၁/၂၅
ပြုပြင်ရေသားသည့်ရက်စွဲ- ၁/၁/၂၅